# အတုအယောင်ကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြ – မြန်မာစစ်အုပ်စု၏ အတုအယောင်ရွေးကောက်ပွဲကို ချက်ချင်း ယတိပြတ်ငြင်းပယ်ရန် နိုင်ငံတကာအသိုင်းအဝိုင်းကို SAC-M ကတောင်းဆိုလိုက်သည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်။

မြန်မာစစ်အုပ်စုသည် ၎င်း၏ အတုအယောင်ရွေးကောက်ပွဲ ‘ပထမပိုင်း’ ကို ယမန်နေ့က ကျင်းပခဲ့သည်။ ဤရွေးကောက်ပွဲသည် နိုင်ငံတကာအသိုင်းအဝိုင်းက စစ်အုပ်စုကျူးလွန်ခဲ့သောရက်စက်ကြမ်းကြုတ်မှုများမှ အာရုံလွှဲသွားစေရန်နှင့် အမှန်တရားဝေဝါးသွားကာ စစ်အုပ်စုက အသည်းအသန်လိုအပ်နေသော တရားဝင်မှု ပေးလာစေရန် မျက်နှာပြောင်တိုက်ကြိုးပမ်းသည့် လုပ်ရပ်တစ်ခုသာဖြစ်သည်။

သို့သော် စစ်အုပ်စုက နေရာအနှံ့ အကြောက်တရားသွင်းကာ [ခြိမ်းခြောက်နေသည့်ကြားမှပင်](#) ပြည်သူ အများအပြား မဲမပေးပဲ သပိတ်မှောက်ခဲ့ကြသောကြောင့် မဲပေးသူအရေအတွက် ချွတ်ခြုံကျလောက်အောင် နည်းပါးခဲ့ပြီး စစ်အုပ်စု အတွက် အရှက်ရစရာဖြစ်သွားခဲ့သည်။

**ယခုအချိန်သည် အတုအယောင်ရွေးကောက်ပွဲ ဒုတိယပိုင်းနှင့် တတိယပိုင်းများ နောက်လအတွင်း ဆက်မလာခင် ကုလသမဂ္ဂ၊ အာဆီယံ၊ မြန်မာ့အိမ်နီးချင်းနိုင်ငံများနှင့် အခြားသောနိုင်ငံတကာအသိုင်းအဝိုင်း က ဤအနှစ်သာရမဲ့ လုပ်ရပ်ကို ယတိပြတ်ငြင်းပယ်ရမည့်အချိန်ဖြစ်သည်။**

စစ်အုပ်စု၏ရွေးကောက်ပွဲသည် အဘက်ဘက်မှ ကျရှုံးခဲ့သည်။ ပထမတစ်ချက်မှာ ရွေးကောက်ပွဲများသည် လူထုပါဝင်မှု အလွန်နည်းခြင်းဖြစ်သည်။ စစ်အုပ်စုသည် နိုင်ငံနယ်နမိတ်၏ ၄၀% ထက်နည်းသော နယ်မြေ အကျယ်အဝန်းတစ်ခုကိုသာ လက်လှမ်းမှီသည်။ ၎င်းတို့ကိုယ်တိုင်ကဝန်ခံထားသည့်အတိုင်း မြို့နယ် ၃၃၀ အနက် ၆၅ မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပနိုင်မည်မဟုတ်ချေ။ ရွေးကောက်ပွဲကျင်းပမည်ဟူသည့် မြို့နယ်များမှာလည်း မြို့နယ်လုံးကျွတ်မကျင်းပနိုင်သောကြောင့် ကျန်နေခဲ့မည့်ကျေးရွာအုပ်စုနှင့် မြို့ပေါ် ရပ်ကွက်အရေအတွက် ထောင်နှင့်ချီရှိနေသည်။ စစ်အုပ်စုသည် ထိုသို့သော ၎င်း၏ထိန်းချုပ်မှုပြင်ပနယ်မြေ များကို ရန်ဘက်များဟုယူဆကာ အပြစ်ပေးရန်နှင့် အကြမ်းဖက်ခြောက်လှန့်ရန် လေကြောင်းတိုက်ခိုက်မှုများ တိုးမြှင့်ဆောင်ရွက်နေလျက်ရှိသည်။

ထို့ပြင် စစ်အုပ်စု၏ အတုအယောင်ရွေးကောက်ပွဲသည် လွတ်လပ်၊ မျှတမှုလည်း မရှိပါ။ ၂၀၂၀ ပြည်လုံးကျွတ် ရွေးကောက်ပွဲတွင် အမတ်နေရာ ၉၀% အထိ အနိုင်ရခဲ့သော မြန်မာနိုင်ငံ၏ နိုင်ငံရေးပါတီများသည် မှတ်ပုံတင် ဖျက်သိမ်းခြင်း သို့မဟုတ် ရွေးကောက်ပွဲဝင်ခွင့် ပိတ်ပင်ခြင်းခံခဲ့ရသည်ဟု Asian Network for Free Elections (ANFREL) ကဆိုသည်။ တချိန်တည်းတွင် သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်

ဒေါ်အောင်ဆန်းစုကြည်တို့သည်လည်း နိုင်ငံရေးထောင်ဒဏ်များဖြင့် ဆက်လက်ချောင်ထိုးခံရကာ ဆင်းရဲဒုက္ခ ရောက်နေရသည်။

စစ်အုပ်စုက လက်လှမ်းမှီသောနယ်မြေများတွင်လည်း ဒေသခံပြည်သူများသည် မဲပေးရန် ဖိအားပေးခံနေ ရပြီး အထူးသဖြင့် သေနတ်ထောက်ကာ ဖိအားပေးခံနေရသည့်အထိ ဖြစ်နေသည်။ စစ်အုပ်စုသည် ပြည်သူများ မည်သို့ မဲပေးကြောင်း ခြေရာခံရန် အီလက်ထရောနစ်ထောက်လှမ်းရေးနည်းပညာကို အသုံးပြု နေသည့်အတွက်ကြောင့် တုန့်ပြန်အရေးယူမှု ပြုလုပ်နိုင်စွမ်းရှိနေသည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး ကပြောသည်။ အတိုက်အခံလုပ်သူများကို အရေးယူနိုင်သည့်ပြစ်ဒဏ်များထဲတွင် သေဒဏ် ကဲ့သို့ အလွန်ကြီးလေးသော ပြစ်ဒဏ်များလည်းပါဝင်သည်။

ဤ "ရွေးကောက်ပွဲများ" သည် ဒီမိုကရေစီအသွင်ကူးပြောင်းမှုဆီသို့ တနည်းနည်းဖြင့် လမ်းဖွင့်ပေးနိုင်သည် ဟူသော ရည်ညွှန်းပြောဆိုမှုကို မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီ (SAC-M) က ခါးခါးသီးသီးငြင်းပယ် ပါသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တဆင့်ချင်း ရှေ့တိုးလျှောက်လှမ်းလာခဲ့ပြီးသား ဖြစ်သော်လည်း မင်းအောင်လှိုင်က အာဏာသိမ်းရန်ကြိုးပမ်းခြင်းဖြင့် ထိုအလားအလာကောင်းအခြေအနေ တစ်ခုကို ဖျက်ဆီးပစ်ခဲ့သည်။ မင်းအောင်လှိုင်သည် လွန်ခဲ့သော (၅) နှစ်အတွင်း စစ်တပ်၏ စစ်လက်နက် ယန္တရားများကို ဖိနှိပ်မှုနှင့် ရှင်းလင်းသုတ်သင်ရေးလုပ်ငန်းများအတွက် အသုံးပြုလာခဲ့သည်။

စစ်အုပ်စုသည် ၎င်း၏ ဟန်ပြရွေးကောက်ပွဲ စတင်ကျင်းပမည့်နာရီအပိုင်းအခြားအတွင်းတွင်ပင် ထပ်မံ ထိုးစစ်ဆင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ၎င်းသည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၇ နာရီ အချိန်တွင် စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်ကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှု နှင့် လက်နက်ကြီးပစ်ခတ်မှုများ စတင်ပြုလုပ်ခဲ့သည်ဟု ဒေသခံများက ဆိုကြသည်။

ရွေးကောက်ပွဲမစတင်မီ တစ်ရက်အလို ဒီဇင်ဘာလ၊ ၂၇ ရက်နေ့တွင်လည်း စစ်ကိုင်းတိုင်းအတွင်းရှိ နောက်ထပ် အနီးအနား မြို့နယ်တစ်ခုဖြစ်သော ခင်ဦးမြို့နယ်ရှိ စားသောက်ဆိုင်တန်းတစ်ခုအား စစ်အုပ်စု၏ တိုက်လေယာဉ်နှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များက ပတ်ခတ်ခဲ့သောကြောင့် ပြည်သူ အနည်းဆုံး (၉) ဦး သေဆုံးပြီး နောက်ထပ် (၁၀) ဦးမက ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

**"မင်းအောင်လှိုင်ဟာ တကယ်သစ်စ ဒီမိုကရက်တစ်ဦးဖြစ်တယ်ဆိုတဲ့ ယူဆချက်က မယုံနိုင်လောက်အောင် အဓိပ္ပါယ်မဲ့လှပါတယ်"** ဟု SAC-M ၏ အမှုဆောင်ဒါရိုက်တာ Ben Lee က ပြောသည်။ **"သူ့နာမည်က လေကြောင်း တိုက်ခိုက်မှု၊ ညှင်းပန်းနှိပ်စက်မှု၊ လိင်အကြမ်းဖက်မှုနဲ့ လူမျိုးတုန်းသတ်ဖြတ်မှုလိုမျိုး ရက်စက် ကြမ်းကြုတ်မှုတွေနဲ့ ခွဲမရအောင် ဒွန်တွဲနေတဲ့ပြယုဂ်တစ်ခုလို ဖြစ်နေတာပါ။ သူဟာ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုဆိုင်ရာ စွပ်စွဲချက်နဲ့ နိုင်ငံတကာရာဇဝတ်တရားရုံးရဲ့ တရားရေးအရာရှိကိုယ်တိုင်က ဖမ်းချင်နေတဲ့သူတစ်ယောက်ပါ။"**

ဤရုပ်ပျက်ဆင်းပျက်ရွေးကောက်ပွဲကို ဆက်မကျင်းပသေးခင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်အုပ်စုနှင့် ၎င်း၏ကိုယ်ပွားများကို ဖိအားပေးခြင်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း စစ်မှန်သော

# Special Advisory Council for MYANMAR

ဒီမိုကရေစီလမ်းကြောင်း တစ်ခုအတွက် ပိုမိုခိုင်မာအားကောင်းသောကတိကဝတ်များ ချမှတ်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ရွေးကောက်ပွဲရပ်တန့်သွားအောင် ပြုလုပ်ရမည်။

**အာဆီယံနှင့် ကုလသမဂ္ဂတို့သည့် အခြားနိုင်ငံတကာအစုအဖွဲ့များ၏အကူအညီဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများနှင့် မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်းများအပါအဝင် စစ်မှန်သော [တရားဝင် ဒီမိုကရေစီဘက်တော်သားများကို] အသိအမှတ်ပြုကာ ဆတက်ထမ်းပိုး တိုးမြှင့်အားပေးထောက်ခံရမည်။**


info@specialadvisorycouncil.org

www.specialadvisorycouncil.org

@SpecialCouncil

special-council.bsky.social